**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမိန့်အမှတ် ၁၅၇/၂၀၂၀

၁၃၈၂ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ ဖြင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် သက်ဆိုင်ရာမြို့နယ်အသီးသီးမှ ပြည်သူ များအနေဖြင့် မိမိနေအိမ်တွင်နေထိုင်ရန် Stay at Home အမိန့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၌ နေထိုင်သည့် ပြည်သူများအနေဖြင့် COVID-19 ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များကို တိကျစွာလိုက်နာသဖြင့် လွန်ခဲ့သော ၁၄ ရက်အတွင်း COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ ထပ်မံတွေ့ရှိရမှု လျော့နည်း လာခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများမှလည်း တစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှုလျော့ နည်းလာ ခြင်း၊ Stay at Home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်း လုပ်ငန်းများအား သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထား ဆောင်ရွက် ခဲ့ခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ဆက်စပ်ခဲ့သူအားလုံးကို ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာ ရယူစစ်ဆေးရာတွင်လည်း လွန်ခဲ့သော ၁၄ ရက်အတွင်း ထပ်မံတွေ့ရှိရမှု လျော့နည်းလာခြင်း၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နှီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊

ထိန်းချုပ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ခြင်းများကြောင့် ပိုးတွေ့လူနာများ လျော့နည်းလာကြောင်း စိစစ်တွေ့ရှိရပါသည်။



၃။ သို့ဖြစ်ပါ၍ အမရပူရမြို့နယ်အတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်နေသေးသော ပူးတွဲပါ ရပ်ကွက်/ကျေးရွာများ ကို ချန်လှပ်၍ ကျန်ရှိသော ရပ်ကွက်/ကျေးရွာများမှ နေထိုင်သူပြည်သူများအနေဖြင့် ၂၇-၁၂-၂၀၂၀ ရက်နေ့၊ ၀၈၀၀ နာရီအချိန်မှစ၍ မိမိနေအိမ်တွင်နေထိုင်ရန် Stay at Home အစီအစဉ်တွင် အကျုံး ဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး

ပြည်ထောင်စုဝန်ကြီး

## မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်း Stay at home ဆက်လက်ထားရှိမည့်

## ရပ်ကွက်/ကျေးရွာများစာရင်း

(ရက်စွဲ၊ အချိန်။ ၂၇-၁၂-၂၀၂၀ ရက်နေ့၊ ၀၈၀၀ နာရီ)

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာ | |
|---|---|---|---|
| ၁။ | အမရပူရမြို့နယ် | (၁) | တောင်ကြီးရပ်ကွက် |
| | | (၂) | ကျွန်တန်းရပ်ကွက် |
| | | (၃) | မှန်တန်းရပ်ကွက် |
| | | (၄) | ဈေးချိုရပ်ကွက် |
| | | (၅) | ရွှေဂွမ်းထုပ်ရပ်ကွက် |
| | | (၆) | လေးစုရပ်ကွက် |
| | | (၇) | အိုးတော်ရပ်ကွက် |
| | | (၈) | ဆင်စွယ်ပွတ်ရပ်ကွက် |
| | | (၉) | မြစ်ငယ်ရပ်ကွက် |
| | | (၁၀) | ရှမ်းကလေးကျွန်းကျေးရွာ |
| | | (၁၁) | ယဉ်တော်ကျေးရွာ |
| | | (၁၂) | ဟသ်ာကျေးရွာ |
| | | (၁၃) | ပန်းဘဲ(မြောက်)ကျေးရွာ |
| | | (၁၄) | ပန်းဘဲ(တောင်)ကျေးရွာ |
| | | (၁၅) | အရှေ့လက်သမားကျေးရွာ |
| | | (၁၆) | တပ်ကြီးကျေးရွာ |
| | | (၁၇) | ဘုန်းတော်နိုင်ငံကျေးရွာ |
| | | (၁၈) | မြင်တော်ကျေးရွာ |
| | | (၁၉) | ချောင်းဂွကျေးရွာ |
| | | (၂၀) | ပရပတ်ကျေးရွာ |
| | | (၂၁) | မရမ်းခြံကျေးရွာ |

## မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်း Stay at home ဆက်လက်ထားရှိမည့် ရပ်ကွက်/ကျေးရွာများစာရင်း(အဆက်)

(ရက်စွဲ၊ အချိန်။ ၂၇-၁၂-၂၀၂၀ ရက်နေ့၊ ၀၈၀၀ နာရီ)

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာ | |
|---|---|---|---|
| | | (၂၂) | ရွှေလွန်းကျေးရွာ |
| | | (၂၃) | သာလေစုကျေးရွာ |
| | | (၂၄) | ယမ်းပုံ(အရှေ့)ကျေးရွာ |
| | | (၂၅) | ဘုံတောင်နှဲစုကျေးရွာ |
| | | (၂၆) | အိုးဘိုကျေးရွာ |
| | | (၂၇) | ထန်းတောကျေးရွာ |
| | | (၂၈) | ရဲလွန်းကျော်(အရှေ့)ကျေးရွာ |
| | | (၂၉) | ဆင်ကျေးရွာ |
| | | (၃၀) | သပြေအုပ်ကျေးရွာ |
| | | (၃၁) | သူငယ်တော်ကျေးရွာ |
| | | (၃၂) | ဝါးရုံပင်ကျေးရွာ |
| | | (၃၃) | ငယ်တိုးကျေးရွာ |
| | | (၃၄) | ရက္ကန်းတော်ကျေးရွာ |
| | | (၃၅) | မြစ်လောင်းကျေးရွာ |
| | | (၃၆) | မြစ်တူးကျေးရွာ |
| | | (၃၇) | ဥယျာဉ်တော်ကျေးရွာ |
| | | (၃၈) | သာယာကုန်းကျေးရွာ |
| | | (၃၉) | ခနုံးကျေးရွာ |
| | | (၄၀) | ထုံးဘိုတောင်ကျေးရွာ |
| | | (၄၁) | တမုတ်ဆိုးကျေးရွာ |
| | | (၄၂) | ကန်ရိုးကျေးရွာ |
| | | (၄၃) | နတ်ရေကန်ကျေးရွာ |
| | | (၄၄) | ဖျောက်ဆိပ်ကုန်းကျေးရွာ |

# မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်အတွင်း Stay at home ဆက်လက်ထားရှိမည့် ရပ်ကွက်/ကျေးရွာများစာရင်း(အဆက်)

(ရက်စွဲ၊ အချိန်။ ၂၇-၁၂-၂၀၂၀ ရက်နေ့၊ ၁၈၀၀ နာရီ)

| စဉ် | မြို့နယ် | ရပ်ကွက်/ကျေးရွာ | |
|---|---|---|---|
| | | (၄၅) | မုံပုလဲကျေးရွာ |
| | | (၄၆) | စာတိုးကျေးရွာ |
| | | (၄၇) | မြို့ပြင်ကြီးကျေးရွာ |
| | | (၄၈) | ပြည်လုံးကျော်ကျေးရွာ |